## မာတိကာ


| | | |
|---|---|---|
| | –စာရေးသူ၏အမှာ | ဃ |
| ၁။ | ကိုယ့်ဘဝ ကိုယ်ပဲပျော် | ၁ |
| ၂။ | မာနနှင့် ကာလ | ၁၄ |
| ၃။ | မှန်ကန်ခြင်းနှင့် ရဲရင့်ခြင်း | ၂၅ |
| ၄။ | သတ္တဝါတို့၏ သံသရာ | ၃၄ |
| ၅။ | လူတစ်ယောက်အကြောင်း | ၄၁ |
| ၆။ | အဒေါ်ကြီးတစ်ယောက်အကြောင်း | ၅၁ |
| ၇။ | လေးဦးသတ္တဝါ | ၆၁ |
| ၈။ | နတ်ပန်းတစ်ငုံ ငရဲပန်းတစ်ပွင့် | ၇၁ |
| ၉။ | တာတီးနှင့် မဲတူ | ၈၆ |
| ၁၀။ | ဦးစိန္တာနှင့် သူဌေးမ | ၉၆ |
| ၁၁။ | မေတ္တာမဏ္ဍိုင် | ၁၁၂ |
| ၁၂။ | ကြက်နှင့် ဘဲ | ၁၂၇ |
| ၁၃။ | ခံလေဦးလော့ သင့်ဝဋ်ကြွေး | ၁၃၉ |
| ၁၄။ | နှစ်ဆန်းမှတ်တမ်းပဒေသာ | ၁၄၅ |
| ၁၅။ | လယ်ကွင်းမိုးတွင်း ဇာတ်လမ်း | ၁၅၇ |




ကိုယ့်ဘဝ ကိုယ်ပျော်ကြသည်။ သတ္တဝါတို့မည်သည် ဘဝကိုတွယ်တာကြသည်။ သို့သော် သေခြင်းသာ အဆုံးရှိ၏။ တစ်ဦးကိုတစ်ဦး အတွယ်အတာပြုရင်း အနှောင်အဖွဲ့ဖြင့် ရပ်တည်နေကြကုန်၏။ ဘဝတစ်ကွေ့တွင် တွေ့လာရသော သတ္တဝါမျိုးစုံသည် မိမိကိုယ် မိမိ ဆန်းစစ်သတိရစေ၏။ ထိုသဘာဝနှင့် ဘဝအတွေ့အကြုံမှ သတ္တဝါစုံတို့၏အကြောင်းကို ပျော်စရာ၊ ရင်နင့်စရာ၊ လွမ်းစရာတို့ဖြင့် ရသစုံပေးရင်း ဖော်ထုတ်ထားသော ဘဝအဖုံဖုံကို တွေ့ရလေသည်။

ရင်နင့်စရာ ဘဝများကို 'လူတစ်ယောက်အကြောင်း'၊ 'လေးဦးသတ္တဝါ'၊ 'နတ်ပန်းတစ်ပွင့် ငရဲပန်းတစ်ငုံ'၊ 'ဦးစိန္တာနှင့် သူဌေးမ' တို့တွင် တွေ့ရ၏။ လေးဦးသတ္တဝါသည် ဘဝအတွယ်အတာကို ဖော်ကျူးရာတွင် ရင်နင့်စဖွယ် ပြနိုင်၏။ အဘိုးအိုတစ်ဦး၊ သမီးပျိုတစ်ယောက်၊ ဝက်တစ်ကောင်၊ ခွေးတစ်ကောင်၏ ဘဝရပ်တည်မှုကို သနားစရာ မြင်တွေ့ရရင် သတ္တဝါမည်သည် ကိုယ့်ဘဝသာလျှင် ကိုယ်မြတ်နိုးဆုံးဟူသော 'အတ္တ သမံ ပေမံ နတ္ထိ' ကို ဖော်ထုတ်ပြနိုင်၏။ ကြည့်ပါလေ။

"အဘိုးအိုသည် ချိန်ခွင်ကိုင်လျက် မိမိမှန်းဆချက် ကိုက်ပါ့မလားဟု စိတ်စောနေ၏။ အိမ်ပေါ်က မိန်းမပျိုက ဟင်းအိုးကို မီးတိုးရင်း ဝက်သားဖိုးတွေ ရခဲ့သော် ကြွေးဆပ်၍ ပိုငွေကို ဘာတွေညာတွေ သုံးလိုက်မည်ဟု စိတ်ကူးနေသည်။ × × ဖိုးစိန်တုန်းက အော်ပြေးပုန်းနေခဲ့သော ခေါက်တိုကလည်း ယခု ဝက်ဖျက်သည့်အနီးတွင် ရွှေမန်း၏ အရိုးများကို မြိန်ရည်ယှက်ရည် ဝါးနေလေသတည်း"

မိမိကိုယ်ကို ဆန်းစစ်မိစေသော 'လူတစ်ယောက်အကြောင်း'၊ 'မေတ္တာမဏ္ဍိုင်'၊ 'ကြက်နှင့် ဘဲ' ဘဝကားချပ် မှန်ရိပ်များ ဖြစ်လေသည်။ လူ့လောကတွင် မတည်မြဲသော သဘော၊ သေခြင်းသာ အဆုံးရှိသော ဘဝကို–

"ဤအရာတို့သည်ပင်လည်း ယခု တမိုးကျပြီဖြစ်၍ မိုးရေတို့ဖြင့် ပို့စေမည်ဖြစ်ရကား နောက်တစ်ခေါက် ကျွန်တော် ရောက်သွားလျှင် တွေ့ရတော့မည်မဟုတ်။ ဦးထွန်းစိန်သည် ဤလူ့ပြည်မှ ဘာတွေယူသွားပါသနည်း၊ ဘာမျှ ယူမသွား



ပါ။ ဘာတွေကော ထားခဲ့ပါသနည်း၊ ဘာတွေမှလည်း မထားခဲ့ပါ။" ဟု လူတစ်ယောက်အကြောင်းတွင် သတ္တဝါတို့၏ သံသရာလည်ပုံကို တရားသံဝေဂနှင့် ဆန်းစစ်ထားသည်မှာ တစ်ကွေ့တစ်ကြိမ်တွင် ကြုံကြုံမိ နောင်တသံဟု ထင်မြင်လာစေလေသည်။

လူတို့၏ဘဝတာတွင် စံပြအတုယူစရာ ပုံတစ်ခုကို 'မှန်ကန်ခြင်းနှင့် ရဲရင့်ခြင်း' တွင် ခွဲခြားပြထား၏။ မှန်ကန်သူသာ သတ္တိရှိပုံကို ရွာသူကြီးတစ်ဦး၏ မိမိအမှားကြောင့် ဘဝဆုံးရသည်အထိ သတ္တိကြောင်ခဲ့သူအဖြစ် ပုံစံပြခဲ့သည်မှာ ဘဝဇာတ်လမ်းကောင်း တစ်ပုဒ်ပေတည်း။

ဝဋ်ရှိသမျှ ခံရသည်ဟူသော ဘာသာရေးအယူအဆကို ကြက်မအိုကြီး တစ်ကောင်၏ ဒုက္ခအဖုံဖုံနှင့် ပမာတင်ပြသော 'ခံလေဦးတော့ သင့်ဝဋ်ကြွေး' မှာ တရားသဘောနှင့် ယှဉ်ရသော် သံသရာအထုံကို ကြောက်စရာဟု မြင်လာစေသည်။ ကြက်မကြီးကို ခြေတပေါင်ကျိုးနှင့် ဘဝကို တွယ်တာလျက် အနိပ်စက်အညှဉ်းဆဲခံရင်း အသက်ဖိုးရှည်နေခြင်းမှာ ဝဋ်ပေတကားဟု ဆိုထားသော ဘဝတစ်ခုသည် သတ္တဝါတစ်ကောင်၏ သံသရာပေတည်း။

သတ္တဝါတို့သည် အခါအလိုက် ပေါ်လိုက်၊ ပျောက်လိုက်ဖြင့်လည်းကောင်း၊ သူ့ကိုယ်စား ကိုယ့်သူစား ဘဝအထွေထွေကိုလည်းကောင်း ဖော်ထုတ်ရင်း သတ္တဝါတို့၏ အသက်အိုးအိမ် လုပ်ပွဲကြီးကို ပမာပြသော 'လယ်ကွင်း မိုးတွင်း ဇာတ်လမ်း' သည် ပုစွန်လုံးနှင့် ဖားတို့၏ သတ်ဖြတ်ပွဲကို စံပြုလျက် လူ့ဘုံလောကကို ထေ့လှောင်ထားသည်ဟု ထင်စရာ ရှိလေသည်။ ဘာပဲဖြစ်ဖြစ် သတ္တဝါတို့ကား ဘဝကို တွယ်တာ၏။ ထိုတွယ်တာသော ဘဝကြောင့် သံသရာသည် အတိုင်းမရှိ ရှည်လျားလှကုန်သည်။ ထို 'သတ္တဝါတို့၏ သံသရာ' သည် ဤလောက ဘုံပေတကားဟု လူ့စရိုက် လူ့ဘုံလောက ဓလေ့ကို ပီသစွာ ဖော်ထုတ်နိုင်ခြင်းကြောင့်သည်ပင် ထိုဝတ္ထုတို တို့ကို စာကောင်းတို့၏ လက္ခဏာဟု သတ်မှတ်ကြကုန်၏။

တာသုသီ

၁၉၇၃ ခု၊ မေလ၊ ရွှေမဝရုပ်စုံမဂ္ဂဇင်း။

* * * * *